/

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
မြန်မာနိုင်ငံစာရင်းကောင်စီ
အမိန့်ကြော်ငြာစာအမှတ်- ၃ / ၂၀၁၇
၁၃၇၈ ခုနှစ်၊ ပြာသိုလဆန်း ၈ ရက်
၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ ၅ ရက်

## ကိုယ်ပိုင်စာရင်းကိုင်သင်တန်းကျောင်းများဖွင့်လှစ်ခွင့်ပြုခြင်း

၁။ မြန်မာနိုင်ငံစာရင်းကောင်စီသည် မြန်မာနိုင်ငံစာရင်းကောင်စီဥပဒေပုဒ်မ ၂၉၊ ၃၀၊ ၃၄ ၊ ၃၅ နှင့် ၄၆ ပါ ဒီပလိုမာစာရင်းကိုင်သင်တန်း၊ လက်မှတ်ရပြည်သူ့စာရင်းကိုင်သင်တန်းနှင့် ကောင်စီက သတ်မှတ်သည့် အခြားသင်တန်းများအတွက် ကိုယ်ပိုင်စာရင်း ကိုင်သင်တန်းကျောင်း ဖွင့်လှစ်လုပ်ကိုင်ခွင့် လျှောက်ထားခြင်း၊ လုပ်ကိုင်ခွင့်လက်မှတ်ထုတ်ပေးခြင်း၊ သင်တန်းကျောင်း၏ တာဝန်နှင့် အခွင့်အရေးများ သတ်မှတ်ခြင်းနှင့် သင်တန်းကျောင်းများနှင့်စပ်လျဉ်းသည့် ကောင်စီ၏ လုပ်ပိုင်ခွင့်များ သတ်မှတ်ခြင်းကို ကောင်စီဥပဒေပုဒ်မ ၁၀၂၊ ပုဒ်မခွဲ (ခ) အရ သတ်မှတ် ထုတ်ပြန်လိုက်သည်။

**လျှောက်ထားခြင်း**

၂။ ကျောင်းဖွင့်လှစ်လုပ်ကိုင်ခွင့် သို့မဟုတ် ကျောင်းဖွင့်လှစ်လုပ်ကိုင်ခွင့်သက်တမ်းတိုးလိုသူ ပုဒ်မ ၄၆ နှင့်ကိုက်ညီသည့် နိုင်ငံသားသည် သတ်မှတ်ထားသည့် နည်းလမ်းများနှင့်အညီ မြန်မာနိုင်ငံစာရင်းကောင်စီရုံးထံသို့ လျှောက်ထားရမည်။

၃။ ကျောင်းတည်ထောင်လိုသူသည် အောက်ဖော်ပြပါ အခြေခံလိုအပ်ချက်အားလုံးပြည့်စုံမှသာလျှင် ကျောင်းဖွင့်လှစ်လုပ်ကိုင်ခွင့် လျှောက်ထားရမည်-

(က) ကျောင်းဖွင့်လှစ်ရန် သင့်လျော်သည့်နေရာ၊ အဆောက်အဦ၊ သင်တန်းအထောက်အကူပြုပစ္စည်းများနှင့် အခြေခံလိုအပ်ချက်များကို ဖြည့်ဆည်းထားရှိသော စာသင်ခန်းများ လုံလောက်စွာရှိခြင်း၊

(ခ) သင်ရိုးညွှန်းတမ်းနှင့်အညီသင်ကြားပို့ချနိုင်သည့်သင်တန်းဆရာအင်အား လုံလောက်စွာ ရှိခြင်း၊

(ဂ) ကျောင်းလုပ်ငန်းစီမံခန့်ခွဲမှု ဝန်ထမ်းအင်အားပြည့်စုံခြင်း၊

(ဃ) ကောင်စီကအခါအားလျော်စွာသတ်မှတ်ပြဋ္ဌာန်းချက်များကိုလိုက်နာဆောင်ရွက်နိုင်ခြင်း၊

၄။ ကျောင်းတည်ထောင်လိုသူသည် ကျောင်းဖွင့်လှစ်လုပ်ကိုင်ခြင်းကို အောက်ဖော်ပြပါ လုပ်ငန်းဖွဲ့စည်းမှုပုံစံတစ်ရပ်ရပ်ဖြင့် လျှောက်ထားနိုင်သည်-

(က) တစ်ဦးတည်းပိုင်လုပ်ငန်း၊

(ခ) အစုစပ်လုပ်ငန်း၊

(ဂ) မြန်မာနိုင်ငံတည်ဆဲကုမ္ပဏီများအက်ဥပဒေအရတည်ထောင်ထားသောလီမိတက် ကုမ္ပဏီ၊

(ဃ) မြန်မာနိုင်ငံတည်ဆဲဥပဒေတစ်ရပ်ရပ်နှင့်အညီ ဖွဲ့စည်းထားရှိသော လုပ်ငန်းအဖွဲ့ အစည်းများ၊

၅။ ကျောင်းတည်ထောင်သူလိုသည် ကျောင်းဖွင့်လှစ်လုပ်ကိုင်ခွင့်လျှောက်လွှာ (ကျောင်းပုံစံ-၁) ကို သတ်မှတ်ထားသည့်လျှောက်လွှာကြေး ပေးသွင်း၍ ကောင်စီရုံးတွင် ဝယ်ယူရမည်။

၆။ ကျောင်းတည်ထောင်လိုသူသည် ကျောင်းဖွင့်လှစ်လုပ်ကိုင်ခွင့် လျှောက်လွှာပုံစံကို ပြည့်စုံ မှန်ကန်စွာဖြည့်စွက်၍ ကောင်စီရုံးသို့ တင်သွင်းရမည်။ လျှောက်လွှာနှင့်အတူ အောက်တွင် ဖော်ပြသည့် အချက်အလက်အထောက်အထားများကို ပူးတွဲတင်ပြရမည်-

(က) လုပ်ငန်းလိုင်စင် သို့မဟုတ် ကုမ္ပဏီမှတ်ပုံတင်လက်မှတ် သို့မဟုတ် အဖွဲ့အစည်း ၏ မှတ်ပုံတင်လက်မှတ်မူရင်းနှင့်မိတ္တူ

(ခ ) ကျောင်းတည်ထောင်သူပုဂ္ဂိုလ် သို့မဟုတ် ပုဂ္ဂိုလ်များနှင့်ကျောင်းစီမံအုပ်ချုပ်သူများ၏ အမည်စာရင်းနှင့်ကိုယ်ရေးအချက်အလက် (ကျောင်းပုံစံ-၂)၊ အဖွဲ့အစည်းဖြစ်ပါက အလုပ်အမှုဆောင်အဖွဲ့ဝင်များ၏ အမည်စာရင်းနှင့် ကိုယ်ရေးအချက်အလက်များ (ကျောင်းပုံစံ-၃)

(ဂ) သင်တန်းဆရာများ၏အမည်စာရင်းနှင့် ကိုယ်ရေးအချက်အလက်များ (ကျောင်းပုံစံ-၄) နှင့် ကောင်စီရုံးကထုတ်ပေးထားသည့်သင်တန်းဆရာမှတ်ပုံတင်မိတ္တူများ၊

(ဃ) ကျောင်းအဆောက်အဦ/ စာသင်ခန်း/ သန့်စင်ခန်း/ စီမံရုံးခန်း (ကျောင်းပုံစံ-၅)နှင့် အထောက်အကူအခင်းအကျင်းများကို ဓါတ်ပုံနှင့်တကွ ဖော်ပြချက်များ၊

(င) အပိုဒ်ခွဲ(ဃ)ပါအဆောက်အဦအခင်းအကျင်းများအား ရယူသုံးစွဲပုံ(အပိုင်/အငှား/တွဲစပ် သုံး စသည်)နှင့် ယင်းနှင့်သက်ဆိုင်သည့် အထောက်အထား စာချုပ်စာတမ်းများ၊

(စ) ကျောင်းတည်ထောင်ခြင်းအတွက် ရွေးချယ်ထားသည့်လုပ်ငန်းဖွဲ့စည်းမှုပုံစံအရ ပူးတွဲ တင်ပြရမည့် အထောက်အထားများ (အစုစပ်သဘောတူညီချက်/သင်းဖွဲ့စည်းမျဉ်း/ သင်းဖွဲ့မှတ်တမ်း၊ဥပဒေနှင့်အညီရေးဆွဲပြုစုထားသော အခြားစာချုပ်စာတမ်းများ)

၇။ ကျောင်းတည်ထောင်သူသည် အထက်အပိုဒ် ၆(ဂ)အရ သင်တန်းဆရာအမည်စာရင်းနှင့် ကိုယ်ရေးအချက်အလက်များ ပူးတွဲတင်ပြရာတွင်-

(က) သင်ရိုးညွှန်းတမ်းပါ ဘာသာရပ်ကို ပိုင်နိုင်စွာ သင်ကြားပို့ချစေမည့် ပညာအရည် အချင်းနှင့်အတွေ့အကြုံရှိသူများသာ ပါဝင်စေရမည်။

(ခ) ကိုယ်ရေးအချက်အလက်တွင် ဖော်ပြပါရှိချက်အားလုံးမှန်ကန်ကြောင်းဆိုင်ရာ သင်တန်းဆရာနှင့် ကျောင်းတည်ထောင်သူတို့ ပူးတွဲလက်မှတ်ရေးထိုးလျက် ဖော်ပြရမည်။

**စိစစ် ခွင့်ပြုခြင်း**

၈။ ကောင်စီရုံးသည် တင်သွင်းသည့်လျှောက်လွှာတွင် ရေးသွင်းဖော်ပြချက်များ ပြည့်စုံမှသာ လျှောက်လွှာကိုလက်ခံယူပြီး လျှောက်လွှာလက်ခံယူထားကြောင်း အထောက်အထားစာကို ထုတ်ပေးရမည်။

၉။ ကောင်စီရုံးသည် လက်ခံရရှိထားသည့်လျှောက်လွှာများကို စာရင်းကိုင်အလုပ်သင်နှင့် ကိုယ်ပိုင်စာရင်းကိုင် သင်တန်းကျောင်းများ ကြီးကြပ်ရေးကော်မတီထံသို့ တင်ပြရမည်။

၁၀။ ကြီးကြပ်ရေးကော်မတီသည် လျှောက်လွှာများကိုစိစစ်၍-

(က) ကျောင်းဖွင့်လှစ်လုပ်ကိုင်ရန်ခွင့်ပြုသင့်ပါက ကောင်စီ အလုပ်အမှုဆောင်ကော်မတီ၏ အတည်ပြု ချက်ရယူ၍ ခွင့်ပြုနိုင်သည်၊

(ခ) လိုအပ်ချက်များပြည့်စုံမှုမရှိလျှင် လိုအပ်ချက်ကို ဖော်ပြလျက်ပြည့်စုံအောင် ပြန်လည်တင်ပြစေရန် ဆုံးဖြတ်နိုင်သည်၊

(ဂ) ကျောင်းတည်ထောင်သူအား ခေါ်ယူမေးမြန်းခြင်း၊ ကျောင်းအခြေအနေကို မျက်မြင်ကြည့်ရှုစစ်ဆေးခြင်း ပြုလုပ်နိုင်သည်၊

(ဃ) အကြောင်းရင်းကို ဖော်ပြလျက် ခွင့်မပြုဘဲ ငြင်းပယ်နိုင်သည်၊

(င) မြန်မာနိုင်ငံစာရင်းကောင်စီက အခါအားလျော်စွာပေးအပ်သော အခြားလုပ်ပိုင်ခွင့်များကို ကျင့်သုံးနိုင်သည်။

၁၁။ ကောင်စီရုံးသည် ကြီးကြပ်ရေးကော်မတီ၏ဆုံးဖြတ်ချက်ကို ကျောင်းတည်ထောင်လိုသူထံသို့ အကြောင်း ကြားစာပေးပို့ရမည်။ အပိုဒ် ၁၀(ခ) ပါဆုံးဖြတ်ချက်အပေါ် ကျောင်းတည်ထောင်လိုသူ၏ ထပ်မံတင်ပြချက် သို့မဟုတ် ရှင်းလင်းချက်ကို ကြီးကြပ်ရေး ကော်မတီထံသို့ တင်ပြရမည်။

၁၂။ ကြီးကြပ်ရေးကော်မတီသည် ကျောင်းတည်ထောင်လိုသူ၏ ထပ်မံတင်ပြချက် သို့မဟုတ် ရှင်းလင်းချက်ကို စိစစ်ပြီး အထက်အပိုဒ် ၁၀ ပါ ဆုံးဖြတ်ချက် တစ်ရပ်ရပ်ကို ချမှတ်နိုင်သည်။

**မှတ်ပုံတင်ကြေးနှင့်နှစ်စဉ်ကြေး**

၁၃။ ကျောင်းတည်ထောင်လိုသူသည် ကျောင်းဖွင့်လှစ်လုပ်ကိုင်ခွင့်ပြုကြောင်း အကြောင်းကြားစာရရှိသည့်အခါ သတ်မှတ်ထားသည့် မှတ်ပုံတင်ကြေး နှင့် နှစ်စဉ်ကြေးကို အကြောင်းကြားစာရရှိသည့်နေ့မှ ၁၀ ရက်အတွင်း ကောင်စီရုံးသို့ပေးသွင်းရမည်။

၁၄။ မှတ်ပုံတင်သက်တမ်းသည် ပထမဆုံးမှတ်ပုံတင်ကြေးသွင်းသည့်နေ့၏ ပြက္ခဒိန်လအပါအဝင် ၃၆ လ (၃နှစ်တာကာလ) အတွက် ဖြစ်သည်။

၁၅။ မှတ်ပုံတင်အရာရှိသည် အထက်အပိုဒ် ၁၃ အရ ငွေပေးသွင်းသည့်နေ့မှ ၃၀ ရက်အတွင်း ကျောင်းမှတ်ပုံတင်လက်မှတ်ကို ထုတ်ပေးရမည်။

၁၆။ ကျောင်းတည်ထောင်သူသည် မှတ်ပုံတင်သက်တမ်းတိုးလျှောက်လွှာ (ကျောင်းပုံစံ-၆) ကို သက်တမ်းမကုန်မီ ရက် ၉၀ ထက်မစော၊ ရက် ၆၀ ထက်နောက်မကျစေဘဲ မြန်မာနိုင်ငံ စာရင်းကောင်စီရုံးသို့ တင်ပြရမည်။

၁၇။ ကောင်စီရုံးနှင့် ကြီးကြပ်ရေးကော်မတီသည် ကျောင်းတည်ထောင်သူတင်ပြလာသည့် မှတ်ပုံတင် သက်တမ်းတိုးလျှောက်လွှာများနှင့်စပ်လျဉ်း၍ အပိုဒ် ၉၊ ၁၀၊ ၁၁ နှင့် ၁၂ တို့တွင်ဖော်ပြထားသည့် လျှောက်လွှာ စိစစ်ခြင်းလုပ်ငန်းစဉ်များအတိုင်း ဆောင်ရွက်ရမည်။

၁၈။ ကျောင်းတည်ထောင်သူသည် မှတ်ပုံတင်သက်တမ်းတိုးခွင့်ပြုကြောင်း အကြောင်းကြားစာ ရရှိသည့်အခါ သတ်မှတ်ထားသော သက်တမ်းတိုးမှတ်ပုံတင်ကြေးနှင့် နှစ်စဉ် ကြေးကို အကြောင်းကြားစာရရှိသည့်နေ့မှ ၁၀ ရက်အတွင်း ကောင်စီရုံးသို့ ပေးသွင်း ရမည်။

၁၉။ ပထမအကြိမ် သက်တမ်းတိုးပြီး နောက်ပိုင်း သက်တမ်းတိုးခြင်းနှင့် နှစ်စဉ်ကြေးများပေးသွင်းခြင်းများကို အပိုဒ် ၁၆ နှင့် ၁၈ ပါအတိုင်းဆက်လက် ဆောင်ရွက်ရန် ဖြစ်သည်။

၂၀။ ကျောင်းတည်ထောင်သူသည် ကျောင်းမှတ်ပုံတင်ထားခြင်းကို ရပ်နားလိုပါက ကြီးကြပ်ရေး ကော်မတီသို့ စာဖြင့်တင်ပြရမည်။

**ကျောင်းတည်ထောင်သူ၏တာဝန်များ**

၂၁။ ကျောင်းတည်ထောင်သူ၏ တာဝန်များမှာ အောက်ဖော်ပြပါအတိုင်းဖြစ်သည်-

(က) သင်ရိုးညွှန်းတမ်းအပြည့်အမီ သင်ကြားပို့ချနိုင်ရေးအတွက် ကျောင်းကို လုံလောက်ပြည့်စုံသည့် သွင်းအားစုများဖြင့် စုဖွဲ့တည်ထောင်ခြင်း၊

(ခ) ကျောင်းနှင့်စပ်လျဉ်း၍ကြီးကြပ်ရေးကော်မတီသို့ တင်ပြထားသည့် ကိုယ်တိုင်ဖော်ထုတ် ကြေငြာချက် သို့မဟုတ် ကောင်စီက ထုတ်ပြန်သည့် ညွှန်ကြားသတ်မှတ်ချက်များနှင့် အညီ စီမံဆောင်ရွက်ခြင်း၊

(ဂ) ကျောင်းတည်ထောင်ဖွင့်လှစ်ခြင်းလုပ်ငန်းနှင့် စပ်လျဉ်း၍ကြီးကြပ်ရေးကော်မတီထံ မူလ တင်ပြထားသည့် သို့မဟုတ် ကြီးကြပ်ရေးကော်မတီက မှတ်ပုံတင်ခွင့်ပြုထားသည့်အချက် အလက်တစ်ခု သို့မဟုတ် အစီအမံတစ်ခုတွင် အပြောင်းအလဲရှိတိုင်း ကြီးကြပ်ရေး ကော်မတီထံသို့ ရက်ပေါင်း ၃၀ အတွင်း အကြောင်းကြား၍ ခွင့်ပြုချက် တောင်းခံခြင်း၊

(ဃ) မြန်မာနိုင်ငံစာရင်းကောင်စီ သို့မဟုတ် စာရင်းကိုင်အလုပ်သင်နှင့် ကိုယ်ပိုင်စာရင်းကိုင် သင်တန်းကျောင်းများကြီးကြပ်ရေးကော်မတီက တောင်းခံသည့် အချက်အလက်နှင့် စာရင်းမှတ်တမ်းများကို တင်ပြခြင်း၊

(င) မြန်မာနိုင်ငံစာရင်းကောင်စီ သို့မဟုတ် စာရင်းကိုင်အလုပ်သင်နှင့် ကိုယ်ပိုင်စာရင်းကိုင် သင်တန်းကျောင်းများကြီးကြပ်ရေးကော်မတီက သတ်မှတ်ချက်နှင့်အညီ အခါအားလျော်

စွာ ကွင်းဆင်းစစ်ဆေးရေးလုပ်ဆောင်ချက်များအတွက် လိုအပ်သည့်ပံ့ပိုးမှု၊ ကူညီမှုနှင့် ပူးပေါင်းမှုများဆောင်ရွက်ခြင်း၊

(စ) မြန်မာနိုင်ငံစာရင်းကောင်စီသို့ ပေးသွင်းရမည့် အခကြေးငွေများနှင့်သင်တန်း အလိုက် သင်တန်းသားစာရင်းအပါအဝင် တင်ပြရမည့် စာရင်းဇယားများအတွက် သတ်မှတ်ထားသည့်အတိုင်း အချိန်မီဆောင်ရွက်ခြင်း၊

(ဆ) မြန်မာနိုင်ငံစာရင်းကောင်စီက ကျင်းပပေးမည့် သင်တန်းအလိုက်စာမေးပွဲများ၌ ပါဝင်ဖြေဆိုမည့် သင်တန်းသားများအမည်၊ သင်တန်းသားမှတ်ပုံတင်အမှတ်၊ နိုင်ငံသားစိစစ်ရေးကတ်အမှတ်၊ အဘအမည် စာရင်းနှင့် ယင်းတို့ထံမှ ကောက်ခံထားသည့် သတ်မှတ်စာမေးပွဲကြေးတို့ကို မြန်မာနိုင်ငံ စာရင်းကောင်စီရုံးသို့ အချိန်မီ ပေးပို့ခြင်း၊

(ဇ) သင်တန်းသားနှင့် သင်တန်းဆရာအတွက် လိုအပ်သည့် ပြဋ္ဌာန်းစာအုပ်၊ ရည်ညွှန်းစာအုပ်စသည့် သင်ကြားသင်ယူမှုအထောက်အကူများ ပြည့်စုံလုံလောက်အောင် စီမံထားရှိခြင်း၊

(ဈ) ကျောင်း၊ စာသင်ခန်း၊ သန့်စင်ခန်းနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေးအတွက် ပုံမှန်ထိန်းသိမ်းဆောင်ရွက်ခြင်း၊

(ည) လျှပ်စစ်နှင့်မီးဘေးအန္တရာယ်လုံခြုံရေး၊ ကာကွယ်ရေးစီမံထားရှိခြင်း၊

(ဋ) စာသင်နှစ်အတွင်း သင်တန်းသားနုတ်ထွက်ခြင်း၊ အခြားကျောင်းသို့ သင်တန်းသား လွှဲပေးခြင်း၊ အခြားကျောင်းမှ သင်တန်းသားလွှဲပေးသည်ကို လက်ခံခြင်းတို့နှင့်စပ်လျဉ်း၍ သင်တန်းကြေးပြန်အမ်းမှု၊ သင်တန်းကြေးလွှဲပေးမှုတို့ကို ချမှတ်ထားသည့် စည်းမျဉ်းစည်းကမ်းနှင့်အညီ ဆောင်ရွက်ခြင်း၊

(ဌ) သင်တန်းသား၊ သင်တန်းဆရာနှင့် အခြားကျောင်းဝန်ထမ်းများလိုက်နာရမည့် စည်းမျဉ်းစည်းကမ်းများ၊ ကျောင်းခေါ်ချိန်နှင့် ခွင့်ဆိုင်ရာစည်းကမ်းများချမှတ်ထိန်းကျောင်းနိုင်ခြင်း၊ သင်တန်းသားများ၊ သင်တန်းဆရာများနှင့် ကျောင်းဝန်ထမ်းများထံမှ သင်တန်းကျောင်း နှင့်ပတ်သက်သည့် အကဲဖြတ်ဆန်းစစ်ချက်များရယူနိုင်ခြင်း၊

(ဍ) ကျောင်းတည်ထောင်သူသည် ကျောင်းနှင့်စပ်လျဉ်းသည့် တိုင်ကြားချက်သို့မဟုတ် သတင်းအချက်အလက်အရ မြန်မာနိုင်ငံစာရင်းကောင်စီ သို့မဟုတ် စာရင်းကိုင်အလုပ်သင်နှင့် ကိုယ်ပိုင်စာရင်းကိုင်သင်တန်းကျောင်းများ ကြီးကြပ်ရေးကော်မတီက ခေါ်ယူမေးမြန်းခြင်း၊ ရှင်းလင်းတင်ပြရန် ညွှန်ကြားခြင်း၊ ယင်းတိုင်ကြားချက်များကို ပြန်လည်ဖြေရှင်းဆောင်ရွက်ခြင်းများ၊ စုံစမ်းစစ်ဆေးခြင်းပြုသည့်အခါ လိုအပ်ချက်အတိုင်းအပြည့်အဝ ပူးပေါင်းဆောင်ရွက်ခြင်း။

(ပ) ကျောင်းတည်ထောင်သူသည် သင်တန်းဆရာအဖြစ်လုပ်ကိုင်သူတစ်ဦးချင်းနှင့် ပဋိညာဉ်စာချုပ် ချုပ်ဆိုခြင်း။

(ဏ) ကောင်စီက အခါအားလျော်စွာပြဋ္ဌာန်းသည့် စည်းကမ်းများနှင့် ကျင့်ဝတ်သိက္ခာများကို လိုက်နာခြင်း။

(တ) ပညာရေးဝန်ဆောင်မှုနှင့်ပတ်သက်၍ ထုတ်ပြန်ထားသည့် တည်ဆဲဥပဒေများပါ ပြဋ္ဌာန်းချက်များကို လိုက်နာခြင်း။

**စာရင်းကိုင်အလုပ်သင်နှင့် ကိုယ်ပိုင်စာရင်းကိုင်သင်တန်းကျောင်းများ ကြီးကြပ်ရေးကော်မတီ၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များ**

၂၂။ ကျောင်းများနှင့်စပ်လျဉ်း၍ စာရင်းကိုင်အလုပ်သင်နှင့် ကိုယ်ပိုင်စာရင်းကိုင်သင်တန်းကျောင်းများ ကြီးကြပ်ရေးကော်မတီ၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) ကျောင်းဖွင့်လှစ်လုပ်ကိုင်ခွင့်ပြုရန် သို့မဟုတ် ကျောင်းဖွင့်လှစ်လုပ်ကိုင်ခွင့်သက်တမ်းတိုးရန် လျှောက်လွှာကို စိစစ်ပြီး-

(၁) လိုအပ်ချက်များ ပြည့်စုံမှုမရှိလျှင် လိုအပ်ချက်များကို လျှောက်ထားသူအား အကြောင်းကြားခြင်း၊

(၂) စာရင်းကိုင်အလုပ်သင်နှင့် ကိုယ်ပိုင်စာရင်းကိုင်သင်တန်းကျောင်းများ ကြီးကြပ်ရေးကော်မတီ၏ သဘောထားမှတ်ချက်ဖြင့် အလုပ်အမှုဆောင်အဖွဲ့ထံ တင်ပြခြင်း၊

(၃) အလုပ်အမှုဆောင်အဖွဲ့၏ ဆုံးဖြတ်ချက်အရ ကျောင်းဖွင့်လှစ်လုပ်ကိုင်ခွင့်၊ သို့မဟုတ် ကျောင်းဖွင့်လှစ်လုပ်ကိုင်ခြင်း၊ သက်တမ်းတိုးခွင့်ပြုခြင်း၊

(ခ) သင်တန်းကျောင်းများ၏သင်ကြားပို့ချမှု အခြေအနေကို သတ်မှတ်ချက်များနှင့် ကိုက်ညီမှုရှိ မရှိအခါအားလျော်စွာ ကွင်းဆင်းစစ်ဆေးခြင်း၊ လမ်းညွှန်မှုပြုခြင်း၊

(ဂ) ကျင်းပမည့်စာမေးပွဲတွင် ဝင်ရောက်ဖြေဆိုရန် ကျောင်းအလိုက်စာရင်းသွင်းသည့် သင်တန်းသားဦးရေနှင့် အမည်စာရင်းကို စုစည်း၍ အတည်ပြုခြင်း၊

(ဃ) စာစစ်ဌာနအဖြစ် သတ်မှတ်သင့်သည့် မြို့၊ စာဖြေဌာနအဖြစ် အသုံးပြုသင့်သည့် ဌာနများနှင့် ယင်းတို့၏ တည်နေရာ၊ ဝင်ဆန့်သည့်အင်အား စသည့် အချက်အလက်စာရင်းကို အလုပ်အမှုဆောင်အဖွဲ့သို့ တင်ပြခြင်း၊

(င) ကျောင်း သို့မဟုတ် သင်တန်းဆရာ သို့မဟုတ် သင်တန်းသားနှင့်စပ်လျဉ်းသည့် တိုင်ကြားစာ သို့မဟုတ် အကြံပြုစာကို စိစစ်ပြီး စာရင်းကိုင်အလုပ်သင်နှင့် ကိုယ်ပိုင်စာရင်းကိုင်သင်တန်းကျောင်းများကြီးကြပ်ရေးကော်မတီ၏ သဘောထားမှတ်ချက်ဖြင့် အလုပ်အမှုဆောင်အဖွဲ့ထံသို့ တင်ပြခြင်း၊

(စ) အလုပ်အမှုဆောင်အဖွဲ့၏ဆုံးဖြတ်ချက်အရ ကျောင်းအပေါ် တိုင်ကြားသည့်ကိစ္စကို စုံစမ်းစစ်ဆေး၍ တင်ပြခြင်း၊

(ဆ) လုပ်ငန်းတာဝန်များကို ဆောင်ရွက်ရေးအတွက် လိုအပ်သည့် စာရင်းဇယားနှင့် အချက်အလက်များကို သက်ဆိုင်ရာကျောင်း၊ သင်တန်းဆရာနှင့် သင်တန်းသားတို့ထံမှ တောင်းခံရယူခြင်း၊

(ဇ) ဤအမိန့်ကြော်ငြာစာပါ လုပ်ငန်းတာဝန်များကို ဆောင်ရွက်ရေးအတွက် လုပ်ငန်းအဖွဲ့ကို လိုအပ်သလို ဖွဲ့စည်းခြင်း၊ လုပ်ငန်းအဖွဲ့တာဝန်များကို သတ်မှတ်ခြင်း၊

(ဈ) စာရင်းကိုင်အလုပ်သင်နှင့် ကိုယ်ပိုင်စာရင်းကိုင်သင်တန်းကျောင်းများ ကြီးကြပ်ရေးကော်မတီ၏ လုပ်ငန်းဆောင်ရွက်မှုများကို အလုပ်အမှုဆောင်အဖွဲ့အစည်း အဝေးတွင် တင်ပြခြင်း၊

(ည) မှတ်ပုံတင်ကြေး၊ နှစ်စဉ်ကြေး၊ မှတ်ပုံတင်သက်တမ်းတိုးကြေး နောက်ကျပေးသွင်းခြင်းအတွက် သတ်မှတ်ဒဏ်ကြေးငွေပေးသွင်းစေ၍ မှတ်ပုံတင်သက်တမ်းတိုးခွင့်ပြုခြင်း၊

**စီမံခန့်ခွဲရေးနည်းလမ်းအရ အရေးယူဆောင်ရွက်ခြင်း**

၂၃။ ကျောင်းတည်ထောင်သူအတွက် သတ်မှတ်ထားသည့် တာဝန်တစ်ရပ်ရပ် ပျက်ကွက်သည်သို့မဟုတ် ကျင့်ဝတ်သိက္ခာတစ်ရပ်ရပ်ချိုးဖောက်သည်ဟု စွပ်စွဲခံရသော ကျောင်းတည်ထောင်သူအား စုံစမ်းစစ်ဆေးရန် ကောင်စီဝင် အနည်းဆုံး ၂ ဦး ပါဝင်သော အဖွဲ့ဝင် ၅ ဦးဖြင့် စုံစမ်းစစ်ဆေးရေးအဖွဲ့ကို ဖွဲ့စည်း၍ တာဝန်ပေးအပ်နိုင်သည်။

၂၄။ စုံစမ်းစစ်ဆေးရေးအဖွဲ့သည် မိမိ၏စစ်ဆေးတွေ့ရှိချက် အစီရင်ခံစာကို ကောင်စီက ဤကိစ္စရပ်အလို့ငှာ ကောင်စီဝင် ၅ ဦးဖြင့် ဖွဲ့စည်းသည့် စည်းကမ်းထိန်းသိမ်းရေးကော်မတီသို့ တင်ပြရမည်။

၂၅။ စည်းကမ်းထိန်းသိမ်းရေးကော်မတီသည် အောက်ပါ စီမံခန့်ခွဲရေးဆိုင်ရာ ဆုံးဖြတ်ချက် တစ်ခုခုကို ကောင်စီ၏အတည်ပြုချက်ဖြင့်ချမှတ်နိုင်သည်-

(က) သတိပေးခြင်း

(ခ) သင်တန်းကျောင်းမှတ်ပုံတင်လက်မှတ်ကိုကာလသတ်မှတ်ဆိုင်းငံ့ခြင်း၊

(ဂ) သင်တန်းကျောင်းမှတ်ပုံတင်လက်မှတ်ကိုရုပ်သိမ်းပယ်ဖျက်ခြင်း၊

၂၆။ ကောင်စီသည် တရားရုံးတစ်ခုခုက အကျင့်စာရိတ္တ ပျက်ပြားရာ ရောက်သည့်ပြစ်မှုဖြင့် ပြစ်မှုထင်ရှား စီရင်ခြင်းခံရသောကျောင်းတည်ထောင်သူကို အပိုဒ် ၂၅၊ အပိုဒ်ခွဲ (ခ) နှင့် အပိုဒ်ခွဲ (ဂ) ပါအရေးယူ ဆောင်ရွက်မှုတစ်ခုခုကို ပြုလုပ်နိုင်သည်။

**အယူခံခြင်း**

၂၇။ အပိုဒ် ၂၅ နှင့် ၂၆ တို့အရ ပြစ်ဒဏ်ချမှတ်ခံရသူသည်အယူခံလိုပါက ပြစ်ဒဏ်ချမှတ်ခြင်းခံရသည့်ရက်မှ ရက် ၃၀ အတွင်း ကောင်စီသို့ အယူခံနိုင်သည်။

၂၈။ ကောင်စီသည် အပိုဒ် ၂၇ အရ တင်သွင်းသည့် အယူခံများနှင့်စပ်လျဥ်း၍ အောက်ပါလုပ်ပိုင်ခွင့်များရှိသည်-

(က) ပြန်လည်စုံစမ်းစစ်ဆေးစေခြင်း၊

(ခ) ပယ်ဖျက်ခြင်း၊

(ဂ) ပြင်ဆင်ခြင်း၊

(ဃ) အတည်ပြုခြင်း။

၂၉။ အယူခံလွှာအပေါ် ကောင်စီ၏ ဆုံးဖြတ်ချက်သည် အပြီးသတ်အတည်ဖြစ်သည်။

**တားမြစ်ချက်နှင့်ပြစ်ဒဏ်**

၃၀။ ကောင်စီဥပဒေ ပုဒ်မ ၈၇ အရ မည်သူမျှ ကောင်စီ၏ခွင့်ပြုချက်မရဘဲ ဒီပလိုမာစာရင်းကိုင်နှင့် လက်မှတ်ရပြည်သူ့စာရင်းကိုင် ကိုယ်ပိုင်စာရင်းကိုင်သင်တန်းကျောင်း ဖွင့်လှစ်ခြင်း မပြုရ။

၃၁။ ကောင်စီဥပဒေ ပုဒ်မ ၉၄ အရ မည်သူမဆိုကောင်စီ၏ခွင့်ပြုချက်မရဘဲ ဒီပလိုမာစာရင်းကိုင်နှင့် လက်မှတ်ရပြည်သူ့ စာရင်းကိုင် ကိုယ်ပိုင်သင်တန်းကျောင်း ဖွင့်လှစ်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်း ခံရလျှင် ထိုသူကို တစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ် သိန်းငါးဆယ်ထက် မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ခြင်းခံရမည်။

ဥက္ကဋ္ဌ (ကိုယ်စား)
(ခင်စန်းဦး၊ အတွင်းရေးမှူး)

စာအမှတ်၊ မစက/ ၁၀၈ /( ၀၁၆ / ၂၀၁၇) ရက်စွဲ ၊ ၅ - ၁ - ၂၀၁၇

ဖြန့်ဝေခြင်း

ကြော်ငြာသင်ပုန်း

မိတ္တူ

မြန်မာနိုင်ငံစာရင်းကောင်စီဝင်များအားလုံး

မြန်မာနိုင်ငံလက်မှတ်ရပြည်သူ့စာရင်းကိုင်များအသင်းအလုပ်အမှုဆောင်များအားလုံး

အမိန့်ကြော်ငြာစာဖိုင်

ရုံးလက်ခံ/ မျှောစာတွဲ

ကျောင်းပုံစံ-၁

## ကျောင်းဖွင့်လှစ်လုပ်ကိုင်ခွင့်လျှောက်လွှာ

**လျှောက်ထားသူ၏ အချက်အလက်များ**

၁။ အမည် ----------------------------------------

၂။ အဖအမည် ----------------------------------------

၃။ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် ----------------------------------------

၄။ ပညာအရည်အချင်း ----------------------------------------

၅။ လုပ်ငန်းဖွဲ့စည်းမှုပုံစံ ကျောင်းကိုအောက်ဖော်ပြပါ လုပ်ငန်းဖွဲ့စည်းမှုပုံစံဖြင့် ဆောင်ရွက်ပါမည်-(ဆိုင်ရာ □ တွင် √ ခြစ်ရန်)

- □ တစ်ဦးတည်းပိုင်လုပ်ငန်း
- □ နိုင်ငံသားများပိုင်အစုစပ်လုပ်ငန်း
- □ တည်ဆဲကုမ္ပဏီများအက်ဥပဒေအရတည်ထောင်ထားသောလီမိတက် ကုမ္ပဏီ
- □ တည်ဆဲဥပဒေတစ်ရပ်ရပ်နှင့်အညီ ဖွဲ့စည်းထားရှိသော လုပ်ငန်းအဖွဲ့ အစည်း

၆။ လျှောက်ထားသူ/ အဖွဲ့အစည်း၏ နောက်ခံသမိုင်း (သီးခြားစာရွက်ဖြင့်ဖော်ပြရန်)

၇။ ဆက်သွယ်ရန်လိပ်စာ ----------------------------------------

----------------------------------------

----------------------------------------

၈။ တယ်လီဖုန်း နံပါတ် ----------------------------------------

၉။ Email ----------------------------------------

**သင်တန်းကျောင်း အချက်အလက်များ**

၁။ ကျောင်းအမည် ----------------------------------------

----------------------------------------

၂။ သင်ကြားမည့်သင်တန်း □ DA I □ DA II □ CPA I □ CPA II

၃။ ကျောင်းတည်နေရာလိပ်စာ ----------------------------------------

----------------------------------------

ပိုင်ဆိုင်မှုပုံစံ ☐ ကိုယ်ပိုင် ☐ အငှား ☐ တွဲဖက်သုံး

၄။ ကျောင်းခွဲတည်နေရာလိပ်စာ ------------------------------------------------

------------------------------------------------

ပိုင်ဆိုင်မှုပုံစံ ☐ ကိုယ်ပိုင် ☐ အငှား ☐ တွဲဖက်သုံး

**ပူးတွဲတင်ပြသည့် အထောက်အထားများ**

(က) လုပ်ငန်းလိုင်စင်/ ကုမ္ပဏီမှတ်ပုံတင်လက်မှတ်/ အဖွဲ့အစည်း၏မှတ်ပုံတင်လက်မှတ် မူရင်းနှင့်မိတ္တူ

(ခ) ကျောင်းတည်ထောင်သူပုဂ္ဂိုလ်(များ)နှင့်ကျောင်းစီမံအုပ်ချုပ်သူများ၏ အမည်စာရင်းနှင့် ကိုယ်ရေးအချက်အလက် (ပုံစံ-၂)

(ဂ) အဖွဲ့အစည်းဖြစ်ပါက သက်ဆိုင်ရာအဖွဲ့အစည်း၏အလုပ်အမှုဆောင်အဖွဲ့ဝင်များ၏ အမည်စာရင်းနှင့်ကိုယ်ရေးအချက်အလက်များ(ပုံစံ-၃)

(ဃ) သင်တန်းဆရာများ၏အမည်စာရင်းနှင့်ကိုယ်ရေးအချက်အလက်များ(ပုံစံ-၄)နှင့် ကောင်စီရုံး ကထုတ်ပေးထားသည့်သင်တန်းဆရာမှတ်ပုံတင်မိတ္တူများ၊

(င) ကျောင်းတည်ရာလိပ်စာ၊ ကျောင်းအဆောက်အဦ/ စာသင်ခန်း/ သန့်စင်ခန်း/ စီမံရုံးခန်း (ပုံစံ-၅)နှင့် အထောက်အကူအခင်းအကျင်းများကို ဓါတ်ပုံနှင့်တကွ ဖော်ပြချက်များ၊

(စ) အပိုဒ်ခွဲ(င)ပါအဆောက်အဦအခင်းအကျင်းများအား ရယူသုံးစွဲပုံ(အပိုင်/အငှား/တွဲစပ်သုံး စသည်)နှင့် ယင်းနှင့်သက်ဆိုင်သည့် အထောက်အထား စာချုပ်စာတမ်းများ၊

(ဆ) ကျောင်းတည်ထောင်ခြင်းအတွက် ရွေးချယ်ထားသည့် လုပ်ငန်းဖွဲ့စည်းမှုပုံစံအရ ပူးတွဲတင်ပြရမည့်အထောက်အထားများ(အစုစပ်သဘောတူညီချက်/သင်းဖွဲ့စည်းမျဉ်း/သင်းဖွဲ့မှတ်တမ်း၊ဥပဒေနှင့်အညီရေးဆွဲပြုစုထားသော အခြားစာချုပ်စာတမ်းများ)

အထက်တွင်ဖော်ပြထားသည့် အကြောင်းအရာအားလုံးမှန်ကန်ကြောင်း လက်မှတ်ရေးထိုးပါသည်။

လျှောက်ထားသူလက်မှတ် ------------------------

အမည် ------------------------

## ကျောင်းတည်ထောင်သူပုဂ္ဂိုလ်(များ)နှင့်ကျောင်းစီမံအုပ်ချုပ်သူများ၏ အမည်စာရင်းနှင့် ကိုယ်ရေးအချက်အလက်

**ကျောင်းတည်ထောင်သူပုဂ္ဂိုလ်(များ)**

| စဉ် | အမည် | နိုင်ငံသားစိစစ်ရေးကတ်အမှတ် | CPA(P)/CPA (FF)/ PPA No. | ပညာအရည်အချင်း | ဆက်သွယ်ရန်လိပ်စာ | ဖုန်းနံပါတ်/ Email |
|---|---|---|---|---|---|---|
| | | | | | | |
| | | | | | | |
| | | | | | | |

**ကျောင်းစီမံအုပ်ချုပ်သူများ**

| စဉ် | အမည် | နိုင်ငံသားစိစစ်ရေးကတ်အမှတ် | CPA(P)/CPA (FF)/ PPA No. | ပညာအရည်အချင်း | တာဝန် | ဖုန်းနံပါတ်/ Email |
|---|---|---|---|---|---|---|
| | | | | | | |
| | | | | | | |
| | | | | | | |

(နေရာမလုံလောက်က သီးခြားစာရွက်ဖြင့်တင်ပြရန်)

အထက်တွင်ဖော်ပြထားသည့် အကြောင်းအရာအားလုံးမှန်ကန်ကြောင်း လက်မှတ်ရေးထိုးပါသည်။

လျှောက်ထားသူလက်မှတ် ------------------------------

အမည် ------------------------------

ကျောင်းပုံစံ-၃

## အဖွဲ့အစည်း၏အလုပ်အမှုဆောင်အဖွဲ့ဝင်များ၏အမည်စာရင်းနှင့်ကိုယ်ရေးအချက်အလက်များ

| စဉ် | အမည် | နိုင်ငံသားစိစစ်ရေးကတ် အမှတ် | CPA(P)/CPA (FF)/ PPA No. | ပညာ အရည်အချင်း | တာဝန် | ဖုန်းနံပါတ်/ Email |
|---|---|---|---|---|---|---|
| | | | | | | |
| | | | | | | |
| | | | | | | |
| | | | | | | |
| | | | | | | |
| | | | | | | |
| | | | | | | |
| | | | | | | |
| | | | | | | |
| | | | | | | |

အထက်တွင်ဖော်ပြထားသည့် အကြောင်းအရာအားလုံးမှန်ကန်ကြောင်း လက်မှတ်ရေးထိုးပါသည်။

လျှောက်ထားသူလက်မှတ်________________________________

အမည် ________________________________

ကျောင်းပုံစံ-၄

## သင်တန်းဆရာများ၏ အမည်စာရင်းနှင့် ကိုယ်ရေးအချက်အလက်များ

| စဉ် | အမည် | နိုင်ငံသားစိစစ်ရေးကတ် အမှတ် | သင်တန်းဆရာ မှတ်ပုံတင်အမှတ် | ပညာ အရည်အချင်း | သင်ကြားမည့်ဘာသာရပ် (များ) | ဖုန်းနံပါတ်/ Email |
|---|---|---|---|---|---|---|
| | | | | | | |
| | | | | | | |
| | | | | | | |
| | | | | | | |
| | | | | | | |
| | | | | | | |
| | | | | | | |
| | | | | | | |
| | | | | | | |

အထက်တွင်ဖော်ပြထားသည့် အကြောင်းအရာအားလုံးမှန်ကန်ကြောင်း လက်မှတ်ရေးထိုးပါသည်။

လျှောက်ထားသူလက်မှတ် ------------------------------

အမည် ------------------------------

**<u>ကျောင်းတည်ရာလိပ်စာ ၊ ကျောင်းအဆောက်အဦ၊ စာသင်ခန်း၊ သန့်စင်ခန်း၊ စီမံရုံးခန်း</u>**

၁။ ကျောင်းတည်ရာလိပ်စာ-

------------------------------------------------------------------:

------------------------------------------------------------------:

ကျောင်းခွဲတည်ရာလိပ်စာ-

------------------------------------------------------------------:

------------------------------------------------------------------:

၂။ ကျောင်းအဆောက်အဦ (အဆောက်အဦအမျိုးအစား/ အတိုင်းအတာ/ အထပ်အရေအတွက် စသည်)

------------------------------------------------------------------:

------------------------------------------------------------------:

------------------------------------------------------------------:

၃။ စာသင်ခန်း ( အခန်းအရေအတွက်/ အတိုင်းအတာ/ ဝင်ဆန့်သင်တန်းသား/ လေအေးပေးစက်)

------------------------------------------------------------------:

------------------------------------------------------------------:

------------------------------------------------------------------:

၄။ သန့်စင်ခန်း (အမျိုးအစား/ အရေအတွက်)

------------------------------------------------------------------:

------------------------------------------------------------------:

၅။ စီမံရုံးခန်း ( အခန်းအရေအတွက်/ အတိုင်းအတာ)

------------------------------------------------------------------:

**(နေရာလုံလောက်မှုမရှိပါက သီးခြားစာရွက်ဖြင့်ဖော်ပြရန်)**

အထက်တွင်ဖော်ပြထားသည့် အကြောင်းအရာအားလုံးမှန်ကန်ကြောင်း လက်မှတ်ရေးထိုးပါသည်။

လျှောက်ထားသူလက်မှတ် ---------------------------

အမည် ---------------------------

ကျောင်းပုံစံ-၆

# ကျောင်းမှတ်ပုံတင်သက်တမ်းတိုးလျှောက်လွှာ

၁။ အမည် ----------------------------------------

၂။ ကျောင်းမှတ်ပုံတင်အမှတ် ----------------------------------------

၃။ ကျောင်းအမည် ----------------------------------------

----------------------------------------

၄။ သင်ကြားမည့်သင်တန်း ☐ DA I ☐ DA II ☐ CPA I ☐ CPA II

၅။ ဆက်သွယ်ရန်လိပ်စာ ----------------------------------------

----------------------------------------

----------------------------------------

၆။ တယ်လီဖုန်း နံပါတ် ----------------------------------------

၇။ Email ----------------------------------------

၈။ ယခင်မှတ်ပုံတင်ထားသည့်အချက်အလက်များမှ ပြောင်းလဲမှတ်ပုံတင်လိုသည့်အချက်များ-

------------------------------------------------------------

------------------------------------------------------------

------------------------------------------------------------

------------------------------------------------------------

------------------------------------------------------------

------------------------------------------------------------

------------------------------------------------------------

------------------------------------------------------------

------------------------------------------------------------

အထက်တွင်ဖော်ပြထားသည့် အကြောင်းအရာအားလုံးမှန်ကန်ကြောင်း လက်မှတ်ရေးထိုးပါသည်။

လျှောက်ထားသူလက်မှတ် -------------------------

အမည် -------------------------